Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (004/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၀၄/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့မှ ဖေဖော်ဝါရီလ (၂၀) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ယခုလဆန်းပိုင်းမှစ၍ စစ်အစိုးရအာဏာပိုင်များက ဗန်းမော်ခရိုင်တွင် တစ်အိမ်တက်တစ်အိမ်ဆင်းစနစ်ဖြင့် အိမ်ထောင်ဦးစီးအမည်၊ အသက် ၁၈ နှစ်အောက်နှင့် အသက် ၁၈နှစ် အထက်များကို နှစ်ဖွဲ့ခွဲ၍ သန်းခေါင်စာရင်း လိုက်လံကောက်ယူနေကြောင်း ဒေသခံရွာတာဝန်ရှိသူများက ပြောသည်။ **(KNG 150210)** **Read More...**
- နှစ်ပေါင်း (၁၀၀) ကျော်သက်တမ်းရှိပြီဖြစ်သည့် အင်းစိန် ဂျီတီအိုင် (စက်မှုလက်မှု သိပ္ပံ) ကျောင်းကို လာမည့် မတ်လတွင် (၂၄)နာရီပတ်လုံး ဖွင့်လှစ်မည့် ဆေးရုံအဖြစ် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတာဝန်ခံ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြည်တွင်းသတင်းဌာနများကို တရားဝင်ပြောကြားလိုက်သည်။ **(NEJ 160210)** **Read More...**
- ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန် ရည်ရွယ်၍ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောမြို့နယ်များရှိ ရိုဟင်ဂျာများကို ယာယီနိုင်ငံသား စီစစ်ရေးကဒ်ပြားများ ထုတ်ပေးနေကြောင်း ရိုဟင်ဂျာအရေး ဆောင်ရွက်နေသူများက ပြောသည်။ **(Irrawaddy 170210)** **Read More...**
- နအဖပြုလုပ်မည့် ရွေးကောက်ပွဲတွင် ၎င်းတို့ပါတီမှ ကိုယ်စားလှယ်များကို မဲပေးကြရန် ကြံ့ဖွံ့အဖွဲ့က မြစ်ကြီးနားမြို့၌ ပေါ်ပေါ်တင်တင် စည်းရုံးရေးလုပ်ငန်းများ ပြုလုပ်နေကြောင်း **NDA-K** မှ တပ်မှူးဟောင်းတစ်ဦးက ပြောသည်။ **(NEJ 170210)** **Read More...**
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားကို နိုင်ငံရေးအကျဉ်းသားများအား နှစ်ရှည်ထောင်ဒဏ်ချမှတ်သည်ဟူ၍ နာမည်ဆိုးဖြင့် ကျော်ကြားနေသော တရားသူကြီး ၂ ဦးနှင့် တွေ့ဆုံခွင့်ရရန် စစ်အစိုးရက စီစဉ်ပေးခဲ့သည်။ **(Irrawaddy 170210)** **Read More...**
- ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လွှန်ခဲ့သည့်သီတင်းပတ်တွင် နေပြည်တော်၌ ပုံမှန်မဟုတ်သော ဝန်ကြီးများအစည်းအဝေးမှာ ရွေးကောက်ပွဲဆိုင်ရာ နည်းနာများကို ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လက်ရှိဝန်ကြီးများအား အဓိကထား ခေါ်ယူဆွေးနွေးခဲ့သည်။ **(Mizzima 180210)** **Read More...**

- ရယကအဖွဲ့မှ ရပ်ကွက်အလိုက် အိမ်များတွင် လက်ရှိနေထိုင်လျက်ရှိသော အိမ်ထောင်စုဝင်စာရင်းကိုသာ ယခုလ ဆန်းပိုင်းမှစ၍ လိုက်လံကောက်ခံနေကြောင်း မုဒုံမြို့ပေါ်ရှိ ဒေသခံများကပြောသည်။ **(IMNA 170210)** [Read More...]

[အတိုက်အခံအဖွဲ့အစည်းများ]

## (က) ပြည်တွင်းအင်အားစုများ

- ဖေဖော်ဝါရီ ၁၃ ရက်နေ့ည (၈) နာရီကျော်ခန့်တွင် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက လွန်ခဲ့သော ၂၀၀၃ ခုနှစ် မေလ ၃၀ ရက်နေ့ ဒီပဲယင်းဖြစ်ရပ်သည် နိုင်ငံရေးလုပ်ကြံမှုဖြစ်ကြောင်း ပြောကြားလိုက်သည်။ **(NEJ 140210)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးသည် သက်ကြီးရွယ်အို အဖွဲ့ချုပ်ခေါင်းဆောင်များကို ယနေ့ သွားရောက်ဂါရဝပြုခဲ့သည်။ **(Mizzima 140210)** [Read More...]
- အမျိုးသားပြန်လည်သင့်မြတ်ရေးသည် ငြိမ်းချမ်းသည့်နည်းလမ်းဖြစ်သဖြင့် စစ်အစိုးရအနေဖြင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် အပါအဝင် သက်ဆိုင်သူအားလုံးနှင့် တွေ့ဆုံဆွေးနွေးအဖြေရှာရန် **NLD** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ **(RFA 140210)** [Read More...]
- ယခုလ ၁၅ ရက်တွင် ပြုလုပ်သည့် **NLD** ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတွင် ပါတီ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးတက်ရောက်ကာ အစည်းအဝေးသဘာပတိ အဖြစ်ဆောင်ရွက်ခဲ့သည်ဟု ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သူ ဦးအုန်းကြိုင်က ပြောသည်။ **(NEJ 150210)** [Read More...]
- **NLD** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးသည် ယခုလ ၁၄ ရက် နံနက် (၁၀)နာရီခန့်တွင် ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ဝတ်ပြုဆုတောင်းခဲ့သည်။ **(NEJ 150210)** [Read More...]
- ဗဟိုဦးစီးအဖွဲ့ **CC** အဖွဲ့ဝင်များ ရွေးချယ်ရန် တိုင်း/ပြည်နယ်များမှ ပေးပို့ခဲ့သည့် လျာထားစာရင်းများကို ရန်ကုန်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ဗဟိုအလုပ်အမှုဆောင်များက စတင်ဆွေးနွေးနေပြီဖြစ်သည်။ **(Mizzima 160210)** [Read More...]
- ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနား မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ် နော်အုန်းလှ အပါအဝင် အမျိုးသမီး (၄) ဦးကို အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၂) နှစ်စီ ချမှတ်လိုက်ခြင်းသည် စစ်အစိုးရအနေဖြင့် လူ့အခွင့်အရေးကို ဂရုမစိုက်ရာရောက်ကြောင်း လမ်းပြကြယ်အဖွဲ့ခေါင်းဆောင် ဦးအေးမြင့်က ပြောသည်။ **(NEJ 170210)** [Read More...]
- မြန်မာနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားသည် **NLD** ဗဟိုအလုပ်အမှုဆောင် (၅) ဦးနှင့် ယနေ့ညနေပိုင်းတွင် တွေ့ဆုံစဉ် **NLD** က နအဖအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးသင့်ကြောင်း ပြောဆိုဆွေးနွေးခဲ့ကြသည်။ **(NEJ 180210)** [Read More...]
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားသည် စစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲအပေါ် တိုင်းရင်းသားများ၏ အမြင်သဘောထားများအား သိခွင့်မရလိုက်သဖြင့် ဝမ်းနည်းမိကြောင်းကို မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ **(NEJ 190210)** [Read More...]

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်ပြည်နယ် ညောင်လေးပင်နှင့်ဖာပွန် မြို့နယ်များတွင် နအဖစစ်အစိုးရတပ်များက ထိုးစစ်ကြီးကြီးမားမား ထပ်မံဆင်နွှဲလာသည့်အတွက် ပြည်သူအများအပြား အိုးအိမ်စွန့်ခွာထွက်ပြေးနေရမှုအပေါ် ကရင်အမျိုးသားအစည်းအရုံး **(KNU)** က ၎င်းအရေးကိုရပ်တန့်ရန် နိုင်ငံတကာအနေဖြင့် စစ်အစိုးရကိုဖိအားပေး တောင်းဆိုမှုများပြုလုပ်ရန် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(RFA 160210)** **Read More...**
- ရှမ်းပြည်နယ် ပင်လုံမြို့တွင် ယခုလ ၁၆ ရက်နေ့က ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပနေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၎င်းဖြစ်ရပ်သည် ဗိုလ်မှူးကြီးရွက်ဆစ်ဦးဆောင်သည့် **SSA-S** အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း နအဖ၏ စွပ်စွဲချက်သည် မဟုတ်မမှန်ကြောင်းကို **SSA-S** အဖွဲ့က ငြင်းဆိုလိုက်သည်။ **(RFA 180210)** **Read More...**

## (ဂ) ပြည်ပအင်အားစုများ

- စစ်အစိုးရအနေဖြင့် စစ်မှန်သည့် ပြည်ထောင်စုမူကို လိုက်နာကျင့်သုံးရန် ၆၂ နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ဇိုမီးအမျိုးသားကွန်ဂရက်က တောင်းဆိုလိုက်သည်။ **(RFA 200210)** **Read More...**

## <u>အပစ်ရပ်အဖွဲ့အစည်းများ</u>

## နယ်ခြားစောင့်တပ်အသွင် မပြောင်းလဲရသေးသည့်အဖွဲ့များ

- ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြုလုပ်သော တြိဂံစစ်တိုင်းရုံး တပ်တွင်းအရာရှိ အစည်းအဝေး၌ ဒု-ဗိုလ်ချုပ်မင်းအောင်လှိုင်က "အမေရိကန်သာကူညီလျှင် အပစ်ရပ်များအား ချက်ချင်းရှင်းပစ်နိုင်သည်" ဟု ပြောကြောင်း ရှမ်းပြည်မြောက်ပိုင်း ကျိုင်းတုံတပ်တွင်း အရာရှိများနှင့် ရင်းနှီးသူတစ်ဦးက ပြောသည်။ **(S.H.A.N 150210)** **Read More...**
- နအဖ၏ စရဖ ညွှန်ချုပ် ဒု-ဗိုလ်ချုပ်ကြီးရဲမြင့်အား သွားရောက်တွေ့ဆုံရန် ဝခေါင်းဆောင်မှ ဒုတိယအကြိမ်ငြင်းဆိုခဲ့ပြီးနောက်ပိုင်း နအဖဖက်က ဆက်ဆံရေးနူတ်အေးလာသောကြောင့် ပိုမိုသတိထားရမည်နှင့် ပြင်ဆင်မှုများပိုမိုပြုလုပ်သွားရမည်ဟု ထိပ်ပိုင်းစစ်ဘက် ဝ အရာရှိတစ်ဦးက ပြောသည်။ **(S.H.A.N 150210)** **Read More...**
- မြန်မာစစ်အစိုးရအနေဖြင့် ငြိမ်းအဖွဲ့များ၏ စစ်တပ်များကို မြန်မာ့တပ်မတော်အောက်သို့ အဓမ္မသွတ်သွင်းနေမှု မအောင်မြင်လျှင် ပြည်တွင်းစစ်တကျော့ပြန်ဖြစ်ပွားလာနိုင်ဖွယ်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး **AI** က ပြောသည်။ **(Mizzima 160210)** **Read More...**
- သတ်မှတ်ထားသည့်နေ့အတိုင်း မြန်မာစစ်အစိုးရနှင့် အပစ်ခတ်ရပ်စဲထားချိန် ၁၆ နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကချင်ရိုးရာ မနော်ပွဲတော်ကြီးကို ၅ ရက်ကြာကျင်းပသွားရန် ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** က ပြင်ဆင်နေသည်။ **(KNG 160210)** **Read More...**
- အပစ်ရပ်ကရင်လက်နက်ကိုင် တပ်ဖွဲ့တစ်ဖွဲ့ဖြစ်သည့် **KPF** ခေါ် ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့အတွင်း ဥက္ကဋ္ဌကြီးစောသမူဟဲနေရာတွင် ဗိုလ်မှူးကြီးဒေါဒေါကို အစားထိုးတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း မော်လမြိုင်မြို့ ဖက်ခင်းရပ်ရှိ **KPF** ရုံးတွင် ယခုလ ၁၇ ရက် အစည်းအဝေးတွင် ဆွေးနွေးကြကြောင်း ဒေသခံများကပြောသည်။ **(Kaowao 190210)** **Read More...**

နိုင်ငံတကာဆောင်ရွက်မှုများ

(က) အစိုးရများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးကို နအဖစစ်အစိုးရက ပြန်လွှတ်ပေးလိုက်သည့်အပေါ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ကြိုဆိုလိုက်ကာ ယခုဖြစ်ရပ်ထက်ပို၍ ယုံကြည်ရသည့် ဘက်ပေါင်းစုံပါဝင်သော နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်ပေါ်လာရန် မျှော်လင့်ကြောင်း ပြောကြားလိုက်သည်။ **(VOA 140210)** **Read More...**
- မြန်မာနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားသည် ၎င်း၏ပထမနေ့ခရီးစဉ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများနှင့် ယနေ့ညနေပိုင်းတွင် (၁)နာရီကြာ တွေ့ဆုံခဲ့ရာ မစ္စတာကင်တားနားက ဒေါ်အောင်ဆန်းစုကြည်အမှုသည် နိုင်ငံတကာဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း ပြောကြားလိုက်သည်။ **(NEJ 150210)** **Read More...**
- လာမည့် မတ်လတွင် ကျင်းပမည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ ညီလာခံမတိုင်ခင် ကြိုတင်လေ့လာဆန်းစစ်သည့် မြန်မာ့အရေးဆွေးနွေးပွဲတစ်ရပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ နအဖက ဦးဆောင်ကျင်းပမည်ဟုဆိုသည့် ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးအင်အားစုများ၏ သဘောထားများ၊ လူ့အခွင့်အရေး ချိုးဖောက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ **(VOA 150210)** **Read More...**
- ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားသည် ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေထောင်ရှိ နိုင်ငံရေးအကျဉ်းသား ၄ ဦးနှင့် တွေ့ဆုံခဲ့ကြောင်း ရန်ကုန်ရှိ ကုလသမဂ္ဂရုံးကပြောသည်။ **(Mizzima 160210)** **Read More...**
- အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝန် **(Dr. Surin Pitsuwan)** က ဦးတင်ဦးကို လွှတ်ပေးလိုက်ခြင်းသည် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုပထမအဆင့်သာ ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် အာဆီယံနှင့် အရှေ့အာရှဒေသတွင်း ညီညွတ်ရေးဆွေးနွေးပွဲ၌ ပြောကြားလိုက်သည်။ **(VOA 170210)** **Read More...**
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကင်တားနားသည် ရန်ကုန်မြို့ရှိ အင်းစိန်ထောင်သို့ ယနေ့ သွားရောက်ခဲ့ကြောင်း ကုလသမဂ္ဂ ပြန်ကြားရေးဌာနမှဆိုသည်။ **(Mizzima 180210)** **Read More...**
- နအဖစစ်အစိုးရ ပြုလုပ်မည့် ရွေးကောက်ပွဲသည် လက်ခံနိုင်စရာ အခြေအနေမရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားက ပြောဆိုလိုက်သည်။ **(VOA 190210)** **Read More...**

(ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- "နအဖစစ်အစိုးရက ၂၀၁၀ ရွေးကောက်ပွဲကို အသုံးချကာ တိုင်းရင်းသားဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပိုမိုပြုလုပ်လာကြောင်း" အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး **AI** က အစီရင်ခံစာတစ်စောင် ထုတ်ပြန်လိုက်သည်။ **(NEJ 160210)** **Read More...**

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်သည့်အနေဖြင့် မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း **MDCCI** က အဖွဲ့ဝင်များအနေဖြင့် နိုင်ငံရေးကင်းရှင်းရမည်ဆိုသည့် စည်းကမ်းချက်ကို ဖျက်သိမ်းလိုက်ကာ နိုင်ငံရေး လုပ်ရန် ပြင်ဆင်နေသည်။ **(Mizzima 150210)** **Read More...**
- ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ **Lion City** အထည်ချုပ်စက်ရုံတွင် လုပ်အားခ တိုးမြှင့်ပေးရန်အတွက် အလုပ်သမား ၂၀၀ ကျော်က ယမန်နေ့ ညနေ ၅ နာရီခန့်တွင် စက်ရုံဝင်းအတွင်းစတင်ဆန္ဒပြခဲ့ပြီးနောက် ယနေ့လည်းထပ်မံ ဆန္ဒပြနေကြောင်း သိရှိရသည်။ **(Mizzima 170210)** **Read More...**
- ၁၉၈၈ အရေးတော်ပုံ ကာလအတွင်း ဖွဲ့စည်းခဲ့သည့် အထက်ဗမာနိုင်ငံ အလုပ်သမားသမဂ္ဂကို အမည်ပြောင်းဖွဲ့စည်း လိုက်သည့် မြန်မာနိုင်ငံ အလုပ်သမားများ အစည်းအရုံးက မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် အလုပ်သမား လှုပ်ရှားမှုများတွင် အနယ်နယ်အရပ်ရပ်မှ အလုပ်သမားထုအားလုံး ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းသည့်လှုပ်ရှားမှု များ ရန်ကုန်နှင့်မန္တလေးတွင် ဖြစ်ပွားခဲ့သည်။ **(RFA 200210)** **Read More...**

---

***End of report/ Saturday, February 20, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---